Karenni National Progressive Party (KNPP)
Headquarters

P. O. Box 6, A. Muang, Mae Hong Son 58000, Thailand; Email: knpphq2013@gmail.com
Mobile phone: G.S. +66(0) 8 9553 1296, S.1 +66(0) 6 1313 7004, S.2 +66(0) 6 3074 9087

# ၆၅ နှစ်ပြည့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ KNPP ၏ ခုခံတော်လှန်ရေးနှင့် နိုင်ငံရေးဦးဆောင်မှု အထိမ်းအမှတ်

## ၂၀၂၂ခုနှစ် မေလ ၂ရက်နေ့

၂၀၂၂ခုနှစ် မေလ (၂)ရက်နေ့သည် ကရင်နီအမျိုးသားတိုးတက်ရေးပါတီKNPPပါတီ၏ ၆၅နှစ်မြောက် ထူထောင်ခြင်း အထိမ်းအမှတ်နေ့ဖြစ်သည်။ ၁၉၄၈ခုနှစ်၊ ဩဂုတ်လ(၉)ရက်နေ့တွင်စတင်ခဲ့သော ကရင်နီအမျိုးသားခုခံတော် လှန်ရေးလှုပ်ရှားမှုကို ဦးဆောင်ခဲ့သည့် တော်လှန်ရေးခေါင်းဆောင်များက ၁၉၅၇ခုနှစ်၊ မေလ(၂)ရက်နေ့တွင် ကရင်နီပြည် လိုပ္ပာခိုခရိုင်၊ ပိုဝေါ် မြို့နယ်၊ ဟီလူ(ကသိုးခီး)ရွာတွင် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ KNPP ကို စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည်။

တိုးတက်ဖြစ်ပေါ် ပြောင်းလဲလာသော နိုင်ငံရေးရေစီးကြောင်းနှင့်အညီ အမျိုးသားလှုပ်ရှားမှုအား နိုင်ငံရေးအရ ဦးဆောင်မှု ပေးသွားမည့် နိုင်ငံရေးဦးဆောင်ပါတီ တစ်ရပ်ရှိရန်လိုအပ်သည်ဟု ကရင်နီတော်လှန်ရေးခေါင်းဆောင်များမှ ယုံကြည်သည့်အပေါ် ထူထောင်လိုက်ခြင်းဖြစ်သည်။ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ စတင်ထူထောင်ချိန်တွင် ဉက္ကဋ္ဌတစ်ဦး၊ အတွင်းရေးမှူး တစ်ဦးနှင့် ဗဟိုကော်မီတီဝင် (၅)ဦးနှင့်အရံပါတီဗဟို ကော်မီတီဝင်(၁)ဦးတို့ဖြင့် စတင်ဖွဲ့စည်းခဲ့ကြသည်။

| | | |
|---|---|---|
| ၁။ ရဲဘော် ထောပလို | - | ဉက္ကဋ္ဌ |
| ၂။ ရဲဘော် ဆင်မြူရယ် | - | အတွင်းရေးမှူး |
| ၃။ ရဲဘော် မူဒေး (ဘီဘမူး) | - | ကော်မီတီဝင် |
| ၄။ ရဲဘော် ဂေဆိုး(လောဦး) | - | ကော်မီတီဝင် |
| ၅။ ရဲဘော် သောသီဖိုး(မီးအီ) | - | ကော်မီတီဝင် |
| ၆။ ရဲဘော် ကျော်နိုင် (ဖိုးကျော်) | - | ကော်မီတီဝင် |
| ၇။ ရဲဘော် တာအယ်ဖိုး | - | ကော်မီတီဝင် |
| ၈။ ရဲဘော် ထိုးခို | - | ကော်မီတီဝင် |
| ၉။ ရဲဘော် ခဖိုး | - | အရံဗဟိုကော်မီတီဝင် |

ပါတီဖွဲ့စည်းပြီး လေးလအကြာ စက်တင်ဘာလ ၂၈ရက်နေ့တွင် ပါတီဉက္ကဋ္ဌ ရဲဘော် ထောပလိုမှာ ၎င်း၏ကိုယ်ရံတော် လက်ချက်ကြောင့် လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည်။ ရဲဘော်ထောပလိုလုပ်ကြံသတ်ဖြတ်ခြင်း ခံရပြီးနောက် ပါတီဉက္ကဋ္ဌ အဖြစ် ရဲဘော် စောမော်ရော်ကို ၁၉၅၈ခုနှစ် ဇန်နဝါရီလမှာ ရွေးကောက် တင်မြောက်ခဲ့သည်။ ရဲဘော်စောမော်ရော်သည် ပါတီဉက္ကဋ္ဌအဖြစ် နှစ်လသာထမ်းဆောင်ပြီးနောက် ပါတီအားဖောက်ပြန်ပြီး ဗမာအစိုးရ ထံအညံ့ခံခဲ့သည်။ ပါတီဉက္ကဋ္ဌ ဆက်ဖြစ်လာသော ရဲဘော် မီးအီမှာလည်း ၁၉၅၉ခုနှစ် မတ်လ ကွာခီးကျေးရွာ တိုက်ပွဲတွင်ကျဆုံးခဲ့ရသည်။

၁၉၅၉ခုနှစ် ဒုတိယအကြိမ်မြောက် ကရင်နီအမျိုးသားညီလာခံတွင် ပါတီ၏စတင်ထူထောင်ခြင်းဆွေးနွေးမှုကို ပြုလုပ်ခဲ့ပြီး ပါတီဥက္ကဋ္ဌအားရဲဘော်ကျော်နိုင်(ဖိုးကျော်)အား ရွေးကောက်တင်မြှောက်ခဲ့ကြသည်။ ပါတီဥက္ကဋ္ဌ ရဲဘော်ကျော်နိုင်(ဖိုးကျော်)မှာ ၁၉၆၀ခုနှစ် ခရီးတစ်ခု ထွက်စဉ် ဗမာအစိုးရတပ်တို့၏ဖမ်းဆီးမှုကိုခံခဲ့ရသည်။

ပါတီစတင်ထူထောင်ချိန်ကစပြီး ဝမ်းနည်းကျေကွဲဖွယ်ရာ အဖြစ်ဆိုးများနှင့် ဆက်တိုက်ရင်ဆိုင်ခဲ့ကြရသည့်အတွက် အဆိုပါ ကနဦးသုံးနှစ်တာကာလအား ပါတီ၏ဆိုးရွားမှုအတွေ့အကြုံဖြစ်မှတ်ယူပြီး အနာဂါတ်လူငယ် ဖခုံးပြောင်းတာဝန်ယူမှုဖြင့် ခုခံတော်လှန်ရေးနှင့် နိုင်ငံရေးဦးဆောင်မှုအား အရှိန်မြှင့်ခဲ့သည်။

သို့သော်ဆိုးရွားသည့် စိန်ခေါ်မှုများနှင့် မလွတ်ခဲ့ပါ။ ပါတီခေါင်းဆောင်မှုပိုင်း နိုင်ငံရေးတွေးခေါ်ယူဆချက်များ ကွဲလွဲမှုကြောင့် ၁၉၇၈ခုနှစ်တွင် ပါတီတွင်းခွဲထွက်မှုများနှင့်ရင်ဆိုင်ခဲ့ရပြန်သည်။ သွေးမြေကျသည်အထိခွဲထွက်မှုဖြစ်ရပ်ရင်ဆိုင်ခဲ့ရသည့် အတွက် ပါတီ၏သမိုင်းတွင် အကြီးမားဆုံးခွဲထွက်မှုတစ်ရပ်ဖြစ်ခဲ့သည်။ ခွဲထွက်သည့်အုပ်စုမှ ပါတီပြိုကွဲပျက်စီး ပြောက်ကွယ် သွားရန် ကြိုးပန်းခဲ့ကြသော်လည်း ပါတီမှာ ပိုမိုကြီးထွားလာခဲ့သည်။

ကရင်နီအမျိုးသားတိုးတက်ရေးပါတီKNPPသည် ကရင်နီအမျိုးသားခုခံတော်လှန်ရေး ပါတီတစ်ရပ်ဖြစ်သည့်အတွက် အမျိုးသားတန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ဒီမိုကရေစီရေးတို့အတွက် အာမခံချက်ရှိသည့် ဖက်ဒရယ်ပြည်ထောင်စု ထူထောင်နိုင်ရန်အတွက် တိုက်ပွဲဝင်နေသော နိုင်ငံရေးပါတီဖြစ်ပြီး တော်လှန်ရေးကာလတစ်လျှောက်တွင်လည်း ပြည်သူတို့ အတွက် အရေးပါသည့် ကာကွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် စီမံအုပ်ချုပ်မှုကဏ္ဍများဆောင်ရွက်လျက်ရှိသည်။

ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုများနှင့်ပတ်သက်၍ ၁၉၆၀ခုနှစ်များနှင့် ၁၉၉၀ခုနှစ်များအတွင်း ပါဝင်ခဲ့သလို ၂၀၁၂ခုမှ ၂၀၂၀ခုနှစ်အတွင်းတွင်လည်းပါဝင်ခဲ့သည်။ သို့သော် မြန်မာပြည်တွင် ဆယ်စုနှစ်များစွာနှင့်ချီ၍ ဖြစ်ပျက်နေသည့် နိုင်ငံရေး ပြဿနာအရင်းအမြစ်ကို ဖြေရှင်းမှုမျိုးမဟုတ်ဘဲ အပေါ်ယံငြိမ်းချမ်းရေး တွေ့ဆုံဆွေး နွေးမှုများကို လက်မခံခဲ့ပါ။ သို့ဖြစ်၍ ကရင်နီခုခံတော်လှန်ရေးကို ဆက်လက်ဆင်နွှဲနေရခြင်းဖြစ်သည်။

မြန်မာပြည်တွင် ၂၀၂၁ခုနှစ်တွင် စစ်တပ်အာဏာသိမ်းမှုတစ်ဖန်ဖြစ်ပေါ်လာပြီးနောက် အာဏာရှင်စနစ်မှန်သမျှ အမြစ်ပြတ် ချေမှုန်းရေးအတွက် ပါတီအနေဖြင့် ကရင်နီအမျိုးသားတစ်ရပ်လုံးနှင့်တကွ တခြားသောတိုင်းရင်းသားလူမျိုးများ၊ အစုအဖွဲ့များ နှင့်အတူ ဆက်လက်တိုက်ပွဲဝင်သွားမည်ဖြစ်ပြီး လူသားချင်းစာနာထောက်ထားမှုအပါအဝင် နိုင်ငံရေး၊ သံတမန်ရေးရာနှင့် စစ်ရေးတို့ကို ရှေ့တန်းတင်၍ ဒေသတွင်းရှိသက်ဆိုင်ရာအစုအဖွဲ့များနှင့် နိုင်ငံတကာမှ သက်ဆိုင်ရာအစုအဖွဲ့များဖြင့်လည်း ဆက်စပ်ဆောင်ရွက်သွားမည်ဖြစ်သည်။

၁၄ကြိမ်မြောက် ပါတီကွန်ကရက်မှ အသစ်ရွေးချယ်ခန့်အပ်ထားသည့် ရွေးကောက်ခံပါတီခေါင်းဆောင်သစ်များမှ တရားဝင် ရရှိထားသည့်လုပ်ပိုင်ခွင့်နှင့်အာဏာတို့ကိုအသုံးချ၍ အာဏာရှင်စနစ်မှန်သမျှ အမြစ်ပြတ်ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီထူ ထောင်ရေးအတွက် ပြည်သူတစ်ရပ်လုံးနှင့်အတူ ဆက်လက်တိုက်ပွဲဝင်သွားမည်ဖြစ်သည်။

… ပြီး…